ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ၊စစ်ရုံးချုပ်

# စစ်ရေးသတင်း ထုတ်ပြန်ချက်

## ပြည်သူ့ကာကွယ်ရေးတပ်မတော်(မန္တလေး)နှင့် ရန်သူ့တပ်များ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့

**၂၀၂၃ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့**

၂၀၂၃ ခုနှစ်၊ ဧပြီလ (၅)ရက်နေ့ မှ (၂၂) ရက်နေ့အထိ နောင်ချိုမြို့နယ်နှင့်ပြင်ဦးလွင်မြို့နယ် နယ်စပ်ဒေသ များတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) (မန္တလေး)နှင့် ရန်သူ့တပ်များ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

ရန်သူ့တပ်ဘက်မှ အင်အား (၉၀၀)နှင့်(၁၀၀၀) ကြားရှိခဲ့ပြီး ခလရ(၁၄၇) ၊ ခလရ (၂၅၃) ၊ ခလရ (၂၅၈) ၊ ခမရ (၅၀၈) ၊ အမတ (၂၀၆) ၊ ခမရ(၄၁၉) ၊ ခမရ (၁၄)၊ အင်အား(၄၀)ပါ စနိုက်ဘာအထူးတပ်ဖွဲ့နှင့်ဒေသခံ ပြည်သူ့စစ်တပ်ဖွဲ့များပါဝင်တိုက်ခိုက်ခဲ့သည်။(၁၈)ရက်တာတိုက်ပွဲအတွင်း တစ်နေကုန်ရင်ဆိုင် တိုက်ခိုက်ရသော တိုက်ပွဲကြီး (၄) ကြိမ်နှင့် တိုက်ပွဲငယ် (၁၈) ကြိမ် ဖြစ်ပွါးခဲ့သည်။

ရန်သူ့တပ်ဘက်မှ Yak 130၊ MiG 29၊ SU 30၊ K8W အမျိုးအစား လေယာဉ်များ၊ Mi 35 ရဟတ်ယာဉ် များဖြင့် လေကြောင်းတိုက်ခိုက်မှု (၃၃) ကြိမ် ပြုလုပ်ခဲ့ပြီး လက်နက်ကြီးပစ်ကူအနေဖြင့် (၆၀)မမ ၊ (၈၁)မမ ၊ (၁၂၀) မမ ၊ (၁၅၅)မမ များ အလွန်အကျွံ အသုံးပြုခဲ့သည်။ ရန်သူ့တပ်၏လက်နက်ကြီး ရမ်းသမ်းပစ်ခတ်မှုကြောင့် ကျေးရွာများအတွင်းသို့ လက်နက်ကြီးများ ကျရောက်ခဲ့ပြီး နေအိမ်ပျက်စီးမှုများပြားကာ အရပ်သား (၇) ဦး သေဆုံး အပါအဝင် ဒဏ်ရာရသူ တစ်ချို့ ရှိခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့တွင် မြေပြင်သတင်းအရ ရန်သူ့တပ် အခြေပြုတပ်စွဲထားသည့် ခလရ(၁၄၇) စခန်းကုန်းသို့ မနက်(၃)နာရီခန့်တွင် ချဉ်းကပ်ခဲ့ပြီး ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ ရန်သူ့တပ်များက စခန်းကုန်း စွန့်ခွာထွက်ပြေးသဖြင့် မိမိတို့တပ်ဖွဲ့ဝင်များမှ အစားထိုး နေရာယူခဲ့သည်။ ထို့နောက် မိမိတို့တပ်ဖွဲ့များ အခြေပြုနေရာယူထားရာ နေရာသို့ အိမ်စီးကား(၂) စီး ရောက်ရှိလာရာ အိမ်စီးကားပေါ်တွင် ရန်သူ့တပ် ယူနီဖောင်းဝတ်တဦး ပါလာသဖြင့် တားမြစ်စစ်ဆေးရာ မရပ်ပေးသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့သည်။ Toyota Corolla အိမ်စီးကားတစီး ရပ်တန့်သွားပြီး ကားပေါ်မှ ခလရ(၁၄၇) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မြတ်မင်းထွန်းအား သက်သေခံပစ္စည်းများနှင့်တကွ အသေဖမ်းဆီးရရှိခဲ့သည်။

ဧပြီလ(၂၂)ရက်နေ့တွင်ပင်နောင်ချိုမြို့ပေါ် ရှိရန်သူ့တပ်၏ခလရ(၁၁၄)နှင့်ခလရ(၁၁၅)တို့အား ရှော့တိုက်ဒုန်းများဖြင့် သွားရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ခလရ(၁၁၄) တပ်ဝန်းအတွင်းသို့ ကျရောက် ပေါက်ကွဲပြီး ရန်သူ့တပ်သား (၅) ဦးသေဆုံးခဲ့ကာ ခလရ(၁၁၄) ဒုတပ်ရင်းမှူး သေဆုံးသည်ဟု သိရှိရသော်လည်း ဆက်လက် စုံစမ်းနေဆဲဖြစ်သည်။

တိုက်ပွဲကာလအတွင်း ရန်သူ့တပ်၏ ခလရ(၁၄၇) တပ်ရင်းမှူး ဒုတိယဗိုလ်မှူကြီး တစ်ဦး ၊ ခလရ(၂၅၈) မှ တပ်ခွဲမှူး ဗိုလ်ကြီးတစ်ဦးနှင့်ခလရ (၂၅၃) မှ တပ်ခွဲမှူး ဗိုလ်ကြီးတစ်ဦး အပါအဝင် ရန်သူ့တပ်သား (၁၀၀)ဦး ဝန်းကျင်ထိ သေဆုံးခဲ့ပြီး ခလရ(၂၅၃)မှ စစ်ကြောင်းမှူးအပါအဝင် အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မိမိတို့ဘက်မှ ပြည်သူ့ကာကွယ်ရေးရဲဘော် (၁၁)ဦး အသက်ပေးလှူခဲ့ရပြီး ထိခိုက်ဒဏ်ရာရမှု တစ်ချို့ ရှိခဲ့သည်။

ရန်သူ့တပ်ထံမှ MA(3) 3 လက် ၊ 5.56 ကျည် အများအပြား ၊ 9မမ ကျည် အတောင့်(၂၀)၊ (60)မမ အသီး (10)လုံး နှင့် အခြား ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)၊ စစ်ရုံးချုပ်**

**ကာကွယ်ရေးဝန်ကြီးဌာန**

**အမျိုးသားညီညွတ်ရေးအစိုးရ။**



တပ်မတော်(ကြည်း)ပြန်တမ်းဝင်အရာရှိ

စိစစ်ရေးလက်မှတ်

အမည် ။ မြတ်မင်းထွန်း

ပြန်တမ်းဝင်အမှတ် ။ ကြည်း ၃၄၅၅၆

အဆင့် ။ ဒုတိယဗိုလ်မှူးကြီး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)




NS
500mL
KENXIN